
# စစ်ဆေးခြင်း အကြောင်း နောက်ထပ်သိစရာများ

## စစ်ဆေးခြင်းဖြစ်စဉ်၏ လုံခြုံစိတ်ချရမှု

စစ်ဆေးခြင်းသည် လျှင်မြန်၍ စိတ်ချရပါသည်။ ခြေဖနောင့်တွင် သွေးယူခြင်းသည် အရည်ပြားတွင် သေးငယ်သော အပေါက်ကိုသာ ဖြစ်စေသောကြောင့် ကူးစက်ရောဂါဝင်ရန် အန္တရာယ်နည်းပါသည်။ သွေးနမူနာယူသော သားဖွားဆရာမ သို့မဟုတ် သူနာပြုက လက်အိပ်ကိုအသုံးပြုပြီး စမ်းသပ်မှုမပြုမီ ခြေဖနောင့်ကို သန့်ရှင်းရေး ပြုလုပ်ပါသည်။ စမ်းသပ်မှုပြုလုပ်နေစဉ် ကလေးကို အနည်းငယ် မသက်မသာ ဖြစ်စေ နိုင်သောကြောင့် သင့်ကလေးကို နို့တိုက် နေနိုင်ပါသည်။ သို့မဟုတ် ဖက်ထားနိုင် ပါသည်။

**မွေးကာစကလေးများ သွေးစက် စစ်ဆေးခြင်း လုပ်ငန်းစဉ်**




### ရောဂါမတွေ့ ရလာဒ်ဆိုတာ ဘာလဲ

ရောဂါမတွေ့ စစ်ဆေးခြင်းရလာဒ်ဆိုသည်မှာ သင့်ကလေးတွင် ကျန်းမာရေးပြဿနာ တစ်စုံ တစ်ရာ မတွေ့ရကြောင်း ဆိုလိုသည်။ အလွန်ရှားပါးသော အခြေအနေတွင် မှားယွင်းသော ရောဂါမတွေ့ ရလာဒ် ပေါ်ပေါက်နိုင်ပါသည်။ ကလေးတွင် ပုံမှန် စစ်ဆေးမှု ရှိသော်လည်း ရောဂါ လက္ခဏာများက နောက်မှ ပေါ်ပေါက်လာ တတ်ပါသည်။ ထိုကဲ့သို့ အခြေအနေသည် ကလေး ၁၀၀,၀၀၀ တွင် တစ်ယောက်ခန့် ဖြစ်တတ်ပါသည်။

### ရောဂါတွေ့ ရလာဒ်က ဘာလဲ

ရောဂါတွေ့ စစ်ဆေးခြင်း ရလာဒ်သည် ကလေးတွင် ရောဂါတစ်မျိုးမျိုး ဖြစ်နေသည်ဟု မဆိုလိုပါ။ မွေးစကလေး စစ်ဆေးခြင်းသည် ကျန်းမာရေး ပြဿနာတစ်ခုခုအတွက် အန္တရာယ် ဖြစ်နိုင်ချေ များသည်ဟု ဖေါ်ထုတ်ပေးခြင်း ဖြစ်သည်။ ရောဂါတွေ့ စစ်ဆေးခြင်း ရလာဒ်ရှိ သော ကလေးများကို သွေးနမူနာ ထပ်မံယူရန် လိုအပ်ပါမည်။ နောက်ပိုင်း ရလာဒ်များ ကလည်း ရောဂါတွေ့ ဖြစ်ပါက ကလေးကို အထူးကုထံ လွှဲပြောင်းပေးမည်ဖြစ်သည်။

### ဒီအန်အေ စစ်ဆေးခြင်း

မွေးစကလေး သွေးစက်စစ်ဆေးခြင်းတွင် ဒီအန်အေ မဟုတ်သော ဇီဝ ဓါတု စစ်ဆေးခြင်း ပါဝင်ပါသည်။ သို့သော်လည်း ဇီဝ ဓါတု စစ်ဆေးမှုမှ တစ်ရာခိုင်နှုန်း ခန့်တွင် မျိုးရိုး ဗီဇလိုက် အဆုတ်နာ ရောဂါ အန္တရာယ် သို့မဟုတ် ဖက်တီအက်ဆစ် ဓါတ်တိုး ဖေါက်ပြန်မှုတို့ တွေ့ရတတ်ပြီး ဒီအန်အေ စစ်ဆေးမှု ပြုလုပ်ရန် လိုအပ်ပါသည်။ အခြားနမူနာများကို ဒီအန်အေ စစ်ဆေးမှု မပြုလုပ်ပါ။

### နောက်ပိုင်း စစ်ဆေးမှုပြုလုပ်ခြင်း

သင့်ကလေးကို စစ်ဆေးမှု မပြုလုပ်ရန် ရွေးချယ်သော်လည်း နောက်ပိုင်း စိတ်ပြောင်းလဲခဲ့လျှင် သင်၏ မိသားစုဆရာဝန်ကို ပြောပြပါ။ သင်၏ ဆရာဝန်က သင့်တော်သော စစ်ဆေးမှုပြုလုပ်ရန် စီစဉ် ပေးလိမ့်မည်။



## နောက်ထပ် သတင်းအချက်အလက်များ

NSW မွေးကာစကလေး စစ်ဆေးခြင်း အစီအစဉ် အတွက် နောက်ထပ်သတင်းအချက်အလက်များ သိလိုပါက အစီအစဉ်၏ ဝက်ဘ်ဆိုဒ်သို့ သွားရောက်၍ ဗီဒီယိုကို ကြည့်ရှုပါ။
https://www.schn.health.nsw.gov.au/find-a-service/laboratory-services/newborn-screening

သို့မဟုတ် ဆစ်ဒနီ ကလေးဆေးရုံကွန်ရက် ဝက်ဘ်ဆိုဒ်သို့ သွားကြည့်ပါ။
https://www.schn.health.nsw.gov.au/

'Find a service' ကို ရွေးချယ်၍ NSW Newborn Screening Program' သို့ သွားရောက်ပါ။

## မွေးကာစကလေး သွေးစက် စစ်ဆေးခြင်း အစီအစဉ်

လိပ်စာ Locked bag 4001,
Wentworthville, NSW 2145
တယ်လီဖုန်း: 61-2-98453659
အီးမေး- NSWH-newbornscreening@health.nsw.gov.au

**အရေးကြီးသည် -** ဤသတင်းအချက်အလက်ကို သင့်ကလေးမွေးပြီး သုံးလအကြာထိ သိမ်းထားပါ။ သင့်ထံ ကလေးအား စစ်ဆေးရန် မေတ္တာရပ်ခံစာ ထပ်ခါထပ်ခါ လာနိုင်ပါသည်။ သို့မဟုတ် သင်၏ ဆရာဝန် သို့မဟုတ် သားဖွားဆရာမက သင့်ကလေး စစ်ဆေးခြင်းရလာဒ်နှင့် ပတ်သက်၍ ထပ်မံ စုံစမ်းလေ့လာရန် လိုအပ်နိုင်ပါသည်။

## NSW ပုံစံနှင့် စာစောင် မှာယူခြင်းစနစ် မှ

မွေးစကလေး သွေးစက်စစ်ဆေးခြင်း စာစောင် ထပ်မံမှာယူခြင်း

ထုတ်ဝေသူ

73 Miller Street, North Sydney, NSW 2060
Locked Mail Bag 961, North Sydney 2059
တယ်လီဖုန်း 61–2–9391 9000

www.health.nsw.gov.au

SHPN 180300 April 2018

# မွေးကာစကလေးများ သွေးစက် စစ်ဆေးခြင်း



ကာကွယ်ရန် စစ်ဆေးခြင်းများ
သင့်ကလေး

စောစောအဖြေရှာတွေ့ခြင်းက သင့်ကလေးအနာဂတ် ကျန်းမာရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုအတွက် အရေးကြီးပါသည်။

NSW GOVERNMENT

**Burmese**

# စစ်ဆေးခြင်းက ဘာကြောင့် အရေးကြီးသလဲ



မွေးကာစကလေးများ သွေးအစက်အပြောက် စစ်ဆေးခြင်းသည် အခမဲ့ဖြစ်ပြီး NSW နှင့် ACT တွင်ရှိသော မွေးကာစကလေး အားလုံးအတွက် စစ်ဆေးပေးပါသည်။ ဤသို့ သွေးစစ်ခြင်းသည် သင့်ကလေးတွင် ကျန်းမာရေးပြဿနာ တစ်ခုခု ရှိမရှိ စစ်ဆေးရန် ဖြစ်သည်။

သင့်ကလေးကို မွေးကာစတွင် သွေးမစစ်ထားမိပဲ ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ခုခု ရှိနေပါက ထိုပြဿနာ၏ လက္ခဏာရပ်များ ပေါ်လာသည့် အချိန်တွင် ကလေး၏ ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသည်။ ကလေးကို ရောဂါလက္ခဏာပေါ်ပေါက်မှ ကုသပေးလျှင် သင့်ကလေး၏ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုကို ထိခိုက်နေပြီး ဖြစ်နိုင်ပါသည်။ အချိန်မှီ ကုသမှုမရှိလျှင် အသက် အန္တရာယ်ကိုပင် ထိခိုက် နိုင်သည့် အခြေအနေ မျိုးလည်း ရှိနိုင်ပါသည်။ ***စောစောစမ်းသပ်၍ စုံစမ်းရှာဖွေခြင်းကြောင့် စောစော စတင်ကုသ နိုင်မည်ဖြစ်သည်။***

## *ဘယ်အချိန်မှာ စစ်ဆေးရမလဲ*

သင့်ကလေး နှစ်ရက် သုံးရက်ရလျှင် (ဆိုလိုသည်မှာ ၄၈ နာရီမှ ၇၂ နာရီရလျှင်) သင့်ကလေးကို စစ်ဆေး ရမည်ဖြစ်သည်။ သားဖွားဆရာမ သို့မဟုတ် သူနာပြုဆရာမက သင့်ကလေး၏ ဖနောင့်တွင် အထူးအပ်ဖြင့် သွေးတစ်စက်နှစ်စက်ခန့် ဖောက်ယူပြီး သွေးစစ်ကဒ်ပြားဖြင့် ယူဆောင်သွားမည်။ ဆက်လက်စစ်ဆေးရန်အတွက် ထိုကဒ်ပြားကို ဓာတ်ခွဲခန်းသို့ ပေးပို့သွားမည်ဖြစ်သည်။

## သွေးစစ်ရန် သဘောတူညီချက်

သွေးနမူနာကို မဖောက်ယူမီ NSW ကျန်းမာရေးဌာနကို သင်က သွေးစစ်ခြင်းကို သဘောတူကြောင်း လက်မှတ်ထိုးထားသည့် သဘောတူညီချက်ကို ပေးအပ်ရမည်။ သွေးစစ်ကဒ်ပြားတွင် သဘောတူညီမှု ဆိုင်ရာ အခန်း (အောက်တွင်ကြည့်ပါ) ပါရှိသည်။ သွေးစစ်ရန် သဘောတူပါက သင့်ကို လက်မှတ်ထိုးခိုင်း ပါလိမ့်မည်။



### *သွေးစစ်ကဒ်ပြားပေါ်ရှိ သဘောတူညီချက်*

**NSW NEWBORN SCREENING PROGRAMME**

**Consent for Collection and Testing of Sample**
I have received and understood the information in the NSW Newborn Screening pamphlet.
I consent to my baby having blood collected and tested Yes [ ] No [ ]
**Storage of screening card for greater than 2 years**
I consent to the storage of the screening card for longer than 2 years Yes [ ] No [ ]
I understand that blood from screening cards may be used for de-identified health research.
I agree to make my baby's blood sample available for this purpose Yes [ ] No [ ]
*Cards without consent will not be used for research*

Parents signature: ____________________

"သဘောတူသည်" သို့မဟုတ် "သဘောမတူပါ" ဟု ရေးပါ။
၁။ သင့်ကလေးကို သွေးစစ်ရန် သဘောတူသည်။
၂။ သွေးစစ်ကဒ်ပြားကို ၂ နှစ်ကျော် သိမ်းဆည်းထားရန် သဘောတူသည်။
၃။ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကို ဖယ်ရှားပြီးပါက ထိုကဒ်ကို ကျန်းမာရေး သုတေသန အတွက် အသုံးပြုရန် သဘောတူသည်။

ဤနေရာတွင် လက်မှတ်ထိုးပါ။

သင်ဆန္ဒရှိပါက ပထမတစ်ခုအတွက် သဘောတူ ပြီး ကျန်နှစ်ခုကို သဘောမတူပါ ဟုရွေးချယ် ဖေါ်ပြ နိုင်သည်။

## *သင့်ကလေးကို သွေးမစစ်ရန် ရွေးချယ်ပါက*

သင့်ကလေးကို သွေးမစစ်ရန် ရွေးချယ်ပါက သင့်ကို သွေးစစ်ခြင်းအား ငြင်းပယ်သည့် သီးခြားပုံစံတစ်ခုကို လက်မှတ်ထိုးရမည်။ ဖြည့်စွက်ထားသော ငြင်းပယ်သည့် ပုံစံနှင့်အတူ သင့်ကလေး၏ သွေးစစ်ခြင်းကဒ်ပြားကို ဓါတ်ခွဲခန်းသို့ ပေးပို့ရအုံးမည် ဖြစ်သည်။ ***သင့်ကလေးကို သွေးမစစ်ရန် ဆုံးဖြတ်ပါက သင်၏ မိသားစုဆရာဝန်၊ သင့်ကလေးနှင့် မိသားစု၏ သူနာပြုဆရာမတို့ကို သင့်ကလေးအား သွေးမစစ်ထားကြောင်း အသိပေးရန် အကြံပြုလို ပါသည်။***

## သွေးစစ်ပြီးလျှင်

***သွေးစစ်ခြင်းရလာဒ်က ပုံမှန်ဖြစ်လျှင် သင့်ကို ဆက်သွယ်မည်မဟုတ်ပါ။***

ထပ်မံ၍ သွေးစစ်ရန် လိုအပ်ပါက သင်၏ သားဖွားဆရာမ သို့မဟုတ် ကလေးနှင့် မိသားစု၏ သူနာပြုဆရာမက စီစဉ်ပေးပါလိမ့်မည်။ အကြောင်းအမျိုးမျိုးကြောင့် သင့်ကို ဆက်သွယ်ရန် လိုအပ်နိုင်ပါသည်။

၁။ ဓါတ်ခွဲခန်းက သွေးနမူနာ ထပ်မံရယူရန် လိုအပ်နိုင်ပါသည်။

၂။ သင့်ကလေး၏ သွေးစစ်ချက်ရလာဒ် ပုံမှန်မဟုတ်လျှင် သင့်ကို အကြောင်းကြားပြီး သွေးနမူနာ ထပ်မံရယူ၍ စမ်းသပ်ရန် လိုအပ်နိုင်ပါသည်။

သင့်ကလေး၏ သွေးနမူနာကို ထပ်မံစမ်းသပ်ပြီး ကျန်းမာရေးပြဿနာတစ်ခုရှိကြောင်း ညွှန်ပြနေလျှင် အထူးကုတစ်ယောက်နှင့် ပြသရန် လွှဲပြောင်းပေး ပါလိမ့်မည်။

## သွေးစစ်ချက်ကဒ်ပြားကို ထိန်းသိမ်းခြင်း

သွေးစစ်ချက်ကဒ်ပြားများကို လုံခြုံစွာ သော့ခတ်ထားသည့် နေရာတွင် အမြဲတမ်း သိမ်းဆည်း ထားမည်ဖြစ်သည်။ သိမ်းဆည်းထားသော ကဒ်များကို ရယူနိုင်ခွင့်ကို တင်းကြပ်စွာ ထိန်းချုပ် ထားပြီး ပြည်နယ်ဥပဒေဖြင့် အကာအကွယ် ပေးထား ပါသည်။

ဓါတ်ခွဲခန်းက သင့်ကလေး၏ သွေးစစ်ချက် ကဒ်ပြားကို အရည်အသွေး အာမခံရန်နှင့် စာရင်းစစ်ရည်ရွယ်ချက် တို့ဖြင့် နှစ်နှစ်ကြာအောင် သိမ်းဆည်းထားမည် ဖြစ်သည်။ နှစ်နှစ်ကြာပြီးလျှင် သင်က ဆက်ပြီး ထိန်းသိမ်းမထားစေလိုပါက သင့်ထံ ပြန်ပြီးပေးရန် သို့မဟုတ် ဖျက်ဆီးပစ်ရန် တောင်းဆိုနိုင်ပါသည်။ သင်က ဆက်ပြီးထိန်းသိမ်း ထားစေလိုလျှင် ဓါတ်ခွဲခန်းက ၁၈ နှစ်ကြာ ထိန်းသိမ်းထားပါမည်။ တရားဝင်သဘောတူညီချက်က ၁၈ နှစ်ဖြစ်၍ သင့်ကလေး အသက် ၁၈ နှစ်ပြည့်သောအခါ စမ်းသပ်မှုသဘောတူညီချက် ပြီးဆုံးသောကြောင့် ကဒ်ပြားကို ဖျက်ဆီးပစ်မည်ဖြစ်ပါသည်။

## *ဘယ်သူက ကဒ်ပြားကို ရယူနိုင်သလဲ*

သင့်ကလေး၏ ကဒ်ပြားကို အောက်ပါ အခြေအနေများတွင် ယူဆောင်အသုံးပြုပါမည်။

- သင့်ကလေးအတွက် နောက်ထပ် စစ်ဆေးချက်များ လိုအပ်သေးပါက
- ဓါတ်ခွဲခန်းက အရည်အသွေး ထိန်းချုပ်ရန်နှင့် စာရင်းစစ်ရန် လိုအပ်လျှင်
- ကျင့်ဝတ်အရ ပုဂ္ဂိုလ်ရေး အချက်အလက် များ ဖယ်ရှားပြီး သင့်ကလေးကို ဘယ်သူဘယ်ဝါ မသိနိုင်တော့သည့်အခါ ကျန်းမာရေး သုတေသနအတွက် အသုံးပြုခြင်း
- တရားရုံး၏ အမိန့်အရ
- အမှုစစ်အရာရှိအမိန့်အရ

## ကျန်းမာရေးပြဿနာများအတွက် စစ်ဆေးခြင်း

မွေးကာစကလေး သွေးစက်စစ်ဆေးခြင်း အစီအစဉ်က တစ်နှစ်လျှင် ကလေး ၁၀၀,၀၀၀ ခန့်ကို ကျန်းမာရေး ပြဿနာ ၂၅ မျိုးအတွက် စစ်ဆေးပေးလျှက်ရှိပါသည်။ စစ်ဆေးခြင်း အစီအစဉ်မှ ထပ်တိုးသော သို့မဟုတ် ထုတ်ပယ်သော ပြဿနာများ အခါအားလျော်စွာ ရှိပါသည်။ အောက်ပါတို့မှာ အများဆုံး စစ်ဆေးသော ကျန်းမာရေးပြဿနာ ဖြစ်ပါသည်။

**မွေးရာပါ လည်ပင်းကြီးဟော်မုန်းများရောဂါ**
- သိုင်းရွိက်ဂလင်းကင်းမဲ့ခြင်း သို့မဟုတ် ပုံမှန်မဟုတ်သော ဖွဲ့စည်းမှု သို့မဟုတ် အလုပ်လုပ်မှုသည် မကုသပဲထားပါက ကလေး၏ကြီးထွားမှုကို ထိခိုက်ပြီး ဉာဏ်ရည်မသန်စွမ်းမှုကို ဖြစ်စေနိုင် ပါသည်။
- တစ်နှစ်လျှင် ကလေး ၄၀ ခန့်တွင် စမ်းသပ်တွေ့ရှိပါသည်။
- သိုင်းရွိုက်ဟော်မုန်းဖြင့်ဆေးကုသပေးရပါသည်။

**မျိုးရိုးဗီဇလိုက်အဆုတ်နာရောဂါ**
- မျိုးရိုးဗီဇ ပျက်ယွင်းမှုကြောင့် ခန္ဓာကိုယ် တစ်ခုလုံးရှိ အစိတ်အပိုင်းများတွင် ချွဲ သလိတ်များထွက်ပြီး ပြင်းထန်သော အဆုတ် ကူးစက်ရောဂါဖြစ်စေပြီး မကုသပါက အသက်မရှည်နိုင်ပါ။
- တစ်နှစ်လျှင် ကလေး ၃၀ ခန့်တွင် စမ်းသပ်တွေ့ရှိပါသည်။
- ဤရောဂါတွေ့ရှိရသော ကလေးများကို စောစီးစွာ ကုသပေးပါက ကျန်းမာရေး တိုးတက်မှု များစွာရှိပါသည်။

**ကလေး ပီကေယူရောဂါ**
- ခန္ဓာကိုယ်က အရေးကြီးသည့် အမိုင်နိုအက်ဆစ် ဖီနယ်လာလနင်းကို ချေဖျက်နိုင်စွမ်းမရှိတော့ပဲ မကုသပါက ဉာဏ်ရည်မသန်စွမ်းမှုကို ဖြစ်စေနိုင် ပါသည်။
- တစ်နှစ်လျှင် ကလေး ၁၀ ဦးခန့်တွင် စမ်းသပ်တွေ့ရှိပါသည်။
- ပီကေယူရောဂါကို ကုသမှုမှာ ဖီနယ်လာလနင်း နည်းပါးသော အစားအစာကို ကလေးအသက် ပထမ နှစ်ပတ် သုံးပတ်အတွင်း စတင်ကျွေးခြင်း ဖြစ်သည်။

**အမ်စီအေဒီ ချို့တဲ့ရောဂါ**
- အဆီကို ခန္ဓာကိုယ်က ချေဖျက်နိုင်စွမ်း မရှိသော ရောဂါ။ မကုသပဲထားပါက သာမန်ကလေးဘဝ ရောဂါများဖြစ်ပွားစဉ် အသက်အန္တရာယ်ထိခိုက် နိုင်ပါသည်။
- တစ်နှစ်လျှင် ကလေး ၆-၈ ဦးခန့်တွင် စမ်းသပ်တွေ့ရှိပါသည်။
- ကလေးဘဝ နေထိုင်မကောင်းဖြစ်စဉ် အထူးဂရုစိုက်ရန်လိုပြီး ကလေးတွင် လုံလောက်သော အာဟာရစွမ်းအင် ရရှိစေရပါမည်။

မွေးရာပါ အက်ဒရယ်နယ်ဆဲလ် ပွားများရောဂါ
- ကလေး၏ဇီဝဖြစ်စဉ်၊ ကူးစက်ရောဂါများကို တုန့်ပြန်မှု၊ ဆားပမာဏ ထိန်းချုပ်မှုနှင့် လိင်ပိုင်း စရိုက်လက္ခဏာများကို ထိခိုက်စေသည့် ဟောမုန်းများကို ထုတ်ပေးသည့် အက်ဒရယ်နယ် အကြိတ်များ၏ ပြောင်းလဲသွားသော စွမ်းဆောင်ရည်။
- တစ်နှစ်လျှင် ကလေး ၆-၇ ဦးခန့်တွင် စမ်းသပ်တွေ့ရှိပါသည်။
- ဟော်မုန်းအစားထိုးခြင်းနှင့် ဆားဓါတ် အစားထိုးခြင်းကဲ့သို့သော နည်းလမ်းများဖြင့် ကုသရမည်။

**အခြား ရှားပါးသော ဖေါက်ပြန်မှုများ**
- ကလေးများကို ထိခိုက်စေသော အခြား ရှားပါး ဖေါက်ပြန်မှုများရှိပါသည်။ NSW မွေးစကလေး စစ်ဆေးခြင်းအစီအစဉ်က တစ်နှစ်လျှင် ကလေး ၂၀ ဦးခန့် စမ်းသပ်ဖေါ်ထုတ်နိုင်ခဲ့ပါသည်။